မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

May 14 , 2025 Volume 90, Number 9

၁၄. ၅.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၅၃.၅၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၄.၀၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၉၇.၃၁ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၁.၉၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၂၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၅၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၈.၁၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၇.၃၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၁၀ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ရာသီစာ အင်ဥများ တစ်ပိဿာ တစ်သိန်းကျော်ဈေးပေါက်နေ




၂၀၂၀ခုနှစ်က တစ်ပိဿာနှစ်သောင်းခွဲရှိသည့်အင်ဥမှာ ယခုပေါ်စအချိန် ရန်ကုန်ဈေးကွက်တွင် အင်ဥတစ်ဆယ်သား တစ်သောင်းကျပ်ဖြစ်နေကြောင်း သိရပါတယ်။

အင်ဥကြိုက်သူများအနေဖြင့် ဈေးများတွင် အင်ဥရှာရခက်သဖြင့် ကုန်စိမ်းဒိုင်များနှင့်ဈေးကြီးများတွင်သာ အင်ဥရှာလို့ရပြီး ဈေးငယ်များနှင့် ရပ်ကွက်ဈေးလမ်းဈေးတွင် အင်ဥရောင်းသူကို တွေ့ရခဲကြောင်း ဆိုပါတယ်။

“ အခုက စပေါ်ကာစလေ။ ဒီတော့ ပေါ်ဦးပေါ်ဖျားဆိုတော့ ဒီဈေးပေးရတာ၊ နောက်မိုးကျလာရင်တော့ ဈေးကျလေ့ရှိပါတယ်။ ထုံးစံအတိုင်း ဖြစ်လေ့ဖြစ်ထရှိတဲ့သဘောပါပဲ။ ဈေးသည်လေးတွေက အရင်းနည်းတော့ အင်ဥတစ်ဆယ်သားတစ်သောင်း၊ တစ်သောင်းခွဲဈေးဆိုတော့ ဘယ်တင်ရောင်းနိုင်မလဲ။ ဒီအချိန်က အင်ဥရောင်းရမှန်းသိပေမဲ့ ဝယ်မတင်ထားနိုင်ဘူး။ အင်ဥကလည်း ဒီအချိန်စားလို့ အကောင်းဆုံးအချိန်ဆိုတော့ ဈေးကောင်းတာ သိပ်မထူးဆန်းဘူး”ဟု ကြည့်မြင်တိုင်ညဈေးမှ ကုန်စိမ်းရောင်းသူတစ်ဦးက ပြောပါတယ်။

ရာသီစာအစားအစာတစ်မျိုးဖြစ်သည့် အင်ဥစပေါ်ချိန်တွင် တစ်ပိဿာကို ငွေကျပ်တစ်သိန်းကျော်ဖြစ်နေသဖြင့် ရောင်းချသူများအနေဖြင့် အနည်းငယ်သာမှာယူ၍ ပြန်လည်ရောင်းချနေရပြီး တစ်ဆယ်သားလျှင် ငွေကျပ် ၁၅,၀၀၀ ကျပ်နှုန်းဖြင့် ပြန်လည်ရောင်းချနေရကြောင်း သိရပါတယ်။

ယခင်နှစ်က တစ်ဆယ်သားလျှင် ငွေကျပ် ၅၀၀၀ နှုန်းသာရှိသော အင်ဥများသည် ယခုနှစ်တွင် တစ်ဆယ်သားလျှင် ငွေကျပ် ၁၅,၀၀၀ အထိ ဖြစ်လာခဲ့ပြီး သုံးဆခန့်ဈေးနှုန်း

မြင့်တက်လာခြင်းလည်းဖြစ်ကြောင်း သိရပါတယ်။

အင်ဥများကို မဘိန်း၊ မိုးမိတ်၊ ကသာ၊ လွိုင်ကော်နှင့်ရှမ်းပြည်နယ်မှထွက်ရှိပြီး အင်ဥများကို ခြောက်သွေ့သောနေရာတွင် ထားပါက ၃ ရက်နီးပါးအထားခံပြီး ပူသောနေရာ၊ ရေစိုသောနေရာတွင်ထားပါက ပျော့အိသွားကြောင်း သိရပါတယ်။

Source : https://htwettoe.com/

## မအူပင်မြို့နယ်၌ မြေပဲစိုက်ဧကများ ရာနှုန်းပြည့် နုတ်သိမ်းပြီးစီး



ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ပြီးခဲ့သည့် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲ ၂၀၁၂ ဧကနုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မအူပင်မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မအူပင်မြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံ စိုက်ပျိုးရာသီက မြေပဲ ၂၀၁၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ထိုသို့စိုက်ပျိုး ခဲ့သော မြေပဲများကို ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်က စတင် နုတ်သိမ်းခဲ့ရာ လက်ရှိတွင် ဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၁ ဒသမ ၁၁ တင်းခန့် ထွက်ရှိကြောင်းသိရသည်။

"မအူပင်မြို့နယ်အနေနဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲဧက ၂၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ မြေပဲခင်းတွေကို နုတ်သိမ်းခဲ့တာ လက်ရှိမှာ ဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နုတ်သိမ်းပြီးဖြစ်တဲ့ မြေပဲတွေက အထွက်နှုန်းကောင်းသလို အရည်အသွေးလည်း ကောင်းပါတယ်။ အခုနုတ်သိမ်းခဲ့တဲ့ မြေပဲတွေအပါအဝင် ဆောင်းသီးနှံတွေ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ တောင်သူတွေ၊ စိုက်ပျိုးရေးဦးစီးဌာနနဲ့ အခြားဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ မြေပဲအပါအဝင် ဆီထွက်သီးနှံအားလုံး အသီးအရည်အသွေးကောင်းမွန်စေရေး၊ အထွက်နှုန်းကောင်းမွန်စေရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေရေး ဆက်လက်ဆောင်ရွက်ပေးနေပါတယ်"ဟု ၎င်းကပြောသည်။

မအူပင်မြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံ စိုက်ပျိုးရာသီက မြေပဲအပါအဝင် ဆောင်းသီးနှံများ လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးမည့်သီးနှံများ ပိုးမွှားရောဂါကင်းရှင်းစေရေး၊အရည်အသွေးနှင့် အထွက်နှုန်းကောင်းစေရေး စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးလုပ်ငန်းနှင့်ဆက်စပ်သည့် ဌာနအဖွဲ့အစည်းများ ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/

## သကြားပြောင်းစိုက်ပျိုးမှု တွက်ခြေကိုက်နေ



ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ် အတွင်း ခြံစိုက်ပျိုး၍ အသက်မွေးဝမ်းကြောင်း စီးပွားရှာနေကြသော တောင်သူများသည် ပန်းဂေါ်ဖီနှင့်ဂေါ်ဖီထုပ်များ စိုက်ပျိုးချိန်ကုန်ပြီးနောက် သကြားပြောင်း၊ ရုံးပတီ၊ ငရုတ်၊ ကြက်သွန်များစိုက်ပျိုး၍ ဝင်ငွေရှာကြကြောင်း သိရသည်။

ရေရှလွယ်ကူ၍လည်း ချောင်းကမ်းပါးအနီးရှိ ယာကွက်များတွင် သီးနှံမျိုးစုံဖြစ်ထွန်းလျက်ရှိပါသည်။ ပြောင်းစိုက်ပျိုးခြင်းသည် အချိန်တိုတိုဖြင့် ဝင်ငွေများများရရှိနိုင်ကြောင်း၊ စိုက်ခင်းမြေကို ရေးဦးစွာနွားချေးကိုမြေခံထည့်၍ ထယ် ၁ စပ်၊ ထွန် ၂ စပ်ဖြင့် ထွန်ယက်မြေညှိရကြောင်း ထို့နောက် ပင်ကြား ၉လက်မတန်းကြား ၂ ဒသမ ၅ ပေထား၍ ကျင်းငယ်လေးများအတွင်း

မျိုးစေ့ ၂စေ့၊ ၃စေ့ခန့်ထည့်၍ မြေမှုန့်အနည်းငယ်ဖုံးပြီး စိုက်ပျိုးရကြောင်း၊ စိုက်ပြီး ၂၀ ရက်သားခန့်တွင် ယူရီးယား၊ ပိုတက်၊ Tဆူပါ ၁ အိတ်စီရော၍ ပက်ဖျန်းရကြောင်း၊ ထို့နောက် ရေကို ၃ ရက်လျှင် ၁ ကြိမ်သွင်းပေးပြီး ခူးဆွတ်ချိန်အထိ ၁၂ ကြိမ်ခန့် ရေလောင်းပေးရကြောင်း သိရသည်။

အပင်သက်တမ်းရက် ၇၀ ခန့်တွင် အဖူးများစတင်ရိတ်သိမ်းရသဖြင့် အချိန်တိုတိုဖြင့် ဝင်ငွေရကြောင်း၊ တစ်ဧက ကုန်ကျစရိတ်အနေဖြင့် မြေပြင်ခ ၃၆၀,၀၀၀ မျိုးစေ့ ၄၄၀,၀၀၀၊ဓာတ်မြေသြဇာ ၃၂၀,၀၀၀၊ရေတင်ခ ၁၀၅,၀၀၀ ကျပ်၊ လုပ်သားခ ၈၀,၀၀၀ ကျပ်၊ ခူးဆွတ်သယ်ယူခ ၁၄၀,၀၀၀ ကျပ်ဖြစ်ပြီး၊ စုစုပေါင်းကုန်ကျစရိတ် ၁,၄၄၅,၀၀၀ ကျပ် ကုန်ကျနိုင်ပြီး တစ်ဧကလျှင် အပင် ၁၈,၀၀၀ခန့် စိုက်ပျိုးနိုင်၍ ပြောင်းဖူး၂၀,၀၀၀ ခန့်ရရှိနိုင်ပြီး ယခုဈေးကွက်အရ တစ်ဖူး ၃၀၀ ကျပ်ဈေးရသဖြင့် တစ်ဧကဝင်ငွေ ၆,၀၀၀,၀၀၀ ကျပ်ခန့်ရ၍ အကျိုးအမြတ်အနေဖြင့် ၄,၅၀၀,၀၀၀ ကျပ်ကျော်ခန့် ရရှိနိုင်ကြောင်း ဥတိုကျေးရွာက တောင်သူတစ်ဦးထံက သိရသည်။

Source: DOCA(ပဲခူး)

https://www.doca.gov.mm/

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဧပြီလအတွင်း ပုစွန်ပိဿာ ၇၀,၀၀၀ ခန့် တင်ပို့ရောင်းချခဲ့ရ



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဧပြီလအတွင်း ပုစွန်ပိဿာ ၇၀,၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးထံက သိရသည်။

ဘိုကလေးမြို့နယ်၌ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူများသည် ဒေသမှထွက်ရှိသည့် ပုစွန်များကိုဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပြီးခဲ့သည့် မတ်လတစ်လတာကာလအတွင်း ပုစွန်ပိဿာ ၄၅၀၀၀ ခန့် အထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် ဧပြီလ ၁ ရက်မှ ၃၀ ရက်အထိ ပိဿာ ၇၀,၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ကနေ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုတင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဧပြီလတစ်လအတွင်း ပုစွန်ပိဿာ ၇၀,၀၀၀ ခန့် တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ပုစွန်ဝယ်လိုအားကောင်းနေတာကြောင့် တင်ပို့ရောင်းချအားလည်း ကောင်းလာတာပါ။ ပုစွန်အပါအဝင် ရေထွက်ကုန်တွေ ကုန်ချိန်များများ တင်ပို့ရောင်းချနေရတာကြောင့် ရေထွက်ကုန်ပစ္စည်းတွေ တင်ပို့ရောင်းချတဲ့လုပ်ငန်းလုပ်ကိုင်သူတွေလည်း အလုပ်အကိုင်အခွင့်အလမ်းကောင်းလာပါတယ်။ ဒေသရေထွက်ကုန်တွေကို ကုန်တင်ယာဉ်တွေနဲ့ အများဆုံးတင်ပို့ရောင်းချခဲ့ရပါတယ်" ဟု ၎င်းက ပြောသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်များ၏ဈေးနှုန်းသည် လတ်ဆတ်မှုနှင့်အရွယ်အစားအပေါ်မူတည်ပြီး ဈေးနှုန်းအမျိုးမျိုးရှိကြောင်း သိရသည်။

Source: https://www.myawady.net.mm/

## ပြည်တွင်းတွင် လျှပ်စစ်မော်တော်ကား (EV) များထုတ်လုပ်ရန် စီမံနေသည့် အီသီယိုးပီးယားနိုင်ငံ

အီသီယိုးပီးယားအစိုးရက ၎င်းတို့သည် ပတ်ဝန်းကျင်နှင့်ညီညွတ်သော သယ်ယူပို့ဆောင်မှုကို ဖော်ဆောင်ရန်အတွက် ပြည်တွင်းတွင် လျှပ်စစ်မော်တော်ကား (EV) များ စတင်ထုတ်လုပ်ရန် ဆောင်ရွက်နေကြောင်းသိရသည်။

အီသီယိုးပီးယားသည် ပြည်တွင်းလိုအပ်ချက်များနှင့် ပြည်ပသို့တင်ပို့ရန်အတွက် လျှပ်စစ်မော်တော်ကား (EV) များကို ထုတ်လုပ်ရန်ဆောင်ရွက်နေကြောင်း အီသီယိုးပီးယားနိုင်ငံ စက်မှုဝန်ကြီးဌာန၊ အကြံပေး Dugasa Dunfa ၏ အဆိုကတစ်ဆင့် သိရသည်။



Dunfa က အီသီယိုးပီးယားနိုင်ငံ မြို့တော် Addis Ababaမြို့တွင် Shanghai Launch Automotive Technology Company နှင့်အတူ အရှေ့အာဖရိကန်နိုင်ငံ၌ EV ကားထုတ်လုပ်ရေး စက်ရုံများ တည်ဆောက်ရန်အတွက် တိုင်ပင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် Dunfa က အီသီယိုးပီးယားနိုင်ငံသည် Ev ကားများတွင်အသုံးပြုနိုင်မည့် သဘာဝဒြပ်ထုများ ပိုင်ဆိုင်သောကြောင့် အီသီယိုးပီးယားနိုင်ငံတွင် လုပ်ငန်းများစတင်ရန် EV ကား ထုတ်လုပ်သော BYD ကုမ္ပဏီ အပါအဝင် တရုတ်ကုမ္ပဏီများကို ဖိတ်ခေါ်ခဲ့ကြောင်း သိရသည်။ Shanghai Launch Automotive Technology Company မှ ကိုယ်စားလှယ်များကလည်း စွမ်းအင်ပြန်လည်သုံးစွဲနိုင်သောကဏ္ဍရှိ မော်တော်ယာဉ်များအတွက် ဒီဇိုင်းဝန်ဆောင်မှုပေးခြင်းများ အပါအဝင် သုတေသနဌာနများနှင့်ဖွံ့ဖြိုးတိုးတက်ရေးဌာနများ တည်ဆောက်ခြင်းတို့ဖြင့် အီသီယိုးပီးယားနိုင်ငံနှင့် ၎င်းတို့၏ပူးပေါင်းဆောင်ရွက်ခြင်းကို ခိုင်မာလာစေရန် လုပ်ဆောင်နေကြောင်းပြောခဲ့ပါသည်။

သယ်ယူပို့ဆောင်ရေးနှင့် စားသုံးကုန်စီမံခန့်ခွဲမှုဝန်ကြီးဌာန၏ သတင်းအချက်လက်များအရ လက်ရှိတွင် နိုင်ငံတစ်ဝှန်း၌ လျှပ်စစ်ကားအစီးရေ ၁၀၀,၀၀၀ ကျော်ခန့်သည်လမ်းပေါ်တွင် အသုံးပြုနေကြောင်းနှင့် အစိုးရသည် နောင် ၁၀ စုနှစ်အတွင်းတွင် ကားအစီးရေပေါင်း ၅၀၀,၀၀၀ ခန့် တိုးမြင့်အသုံးပြုလာနိုင်ရန်ရည်ရွယ်ပြီး ဓာတ်ဆီအသုံးပြုကား၏ ၉၅ ရာခိုင်နှုန်းကို လျှပ်စစ်ကားများဖြင့် အစားထိုးသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် Addis Ababa မြို့တော်အုပ်ချုပ်ရေးအဖွဲ့သည် လျှပ်စစ်သယ်ယူပို့ဆောင်ရေးကို ဖော်ဆောင်ရန်အတွက် လျှပ်စစ်ဘတ်စကားအစီးရေ ၁၀၀ စီးခန့် စတင်မိတ်ဆက်ခဲ့ကြောင်းကိုလည်း သိရသည်။

**Source : Xinhua**

**DOCA(ရန်ကုန်)**

**https://www.doca.gov.mm/**

## iPhone ဈေးနှုန်းများ ထပ်တိုးရန် Apple စီစဉ်နေ



Apple ကုမ္ပဏီက နောက်ထပ် အသစ်ထွက်ရှိမဲ့ iPhone အမျိုးအစားတွေအတွက် ဈေးနှုန်းတွေ ထပ်မံတိုးမြှင့်ဖို့ ဆွေးနွေးနေကြောင်း ကုမ္ပဏီအမှုဆောင်အရာရှိချုပ်က ပြောကြားလာတာကို Wall Street Journal မှာ ဖော်ပြပါရှိပါတယ်။

အမေရိကန်ဟာ တရုတ်နိုင်ငံက သွင်းကုန်တွေအပေါ် စည်းကြပ်ခွန်တိုးမြှင့်တာကို ရှောင်ရှားလိုတဲ့အနေနဲ့ Apple ထုတ်ကုန်အများစုကို အိန္ဒိယမှာ ပြောင်းရွှေ့ထုတ်လုပ်ဖို့ စီစဉ်နေသလို သမ္မတထရမ့်က တိုးမြှင့်လိုက်တဲ့ အခွန်ကောက်ခံမှုတွေကို ကာမိစေဖို့အတွက် အသစ်ထွက်ရှိမဲ့ iPhone ထုတ်ကုန်တွေကို ဈေးနှုန်းတိုးမြှင့်ဖို့ စီစဉ်နေတာဖြစ်ပါတယ်။

မေလ ၁၂ ရက်မှာ ဝါရှင်တန်နဲ့ပေကျင်းတို့က အပြန်အလှန်အခွန်စည်းကြပ်မှုကို ယာယီလျှော့ချဖို့ သဘောတူပြီးနောက် အမေရိကန်အခြေစိုက် နည်းပညာကုမ္ပဏီကြီးတွေရဲ့ ရှယ်ယာရောင်းဝယ်မှုက ၇ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပါတယ်။ ဒါပေမဲ့လည်း အမေရိကန်က တရုတ်သွင်းကုန်တွေအပေါ် အခွန် ၃၀ ရာခိုင်နှုန်းအထိ စည်းကြပ်ထားဆဲဖြစ်ပါတယ်။ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက်တွေကို အဟန့်အတားဖြစ်စေတဲ့ အခွန်ကောက်ခံမှုတွေကြောင့် Apple ဈေးနှုန်းတွေ မြင့်တင်တာက ကုန်ကျစရိတ် ပိုမိုမြင့်မားလာတာကို အထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။

**Source:** https://onenewstvchannel.com/

## အမေရိကန်၏ ထုတ်ကုန်များအပေါ် အခွန် ၄၉ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံပြီးနောက်တွင် စေ့စပ်ညှိနှိုင်းမှုများပြုလုပ်နေသည့် ကမ္ဘောဒီးယားနိုင်ငံ



ကမ္ဘောဒီးယားဝန်ကြီးချုပ် Hun Manet က ဧပြီလ ၄ ရက်နေ့၌ အမေရိကန်အစိုးရ၏ ကမ္ဘောဒီးယားနိုင်ငံမှ ထုတ်ကုန်များအပေါ် အခွန် ၄၉ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံရန် သတ်မှတ်ပြီးနောက်တွင် စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံသည် ဧပြီလ၂ ရက်နေ့တွင် ကမ္ဘောဒီးယားအပါအဝင် ၎င်း၏ကုန်သွယ်ဖက်နိုင်ငံများမှ ကုန်ပစ္စည်းများကို အပြန်အလှန်အခွန်ကောက်ခံမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

အမေရိကန်သည် ကမ္ဘောဒီးယားနိုင်ငံမှ တင်သွင်းသောကုန်ပစ္စည်းများကို ၂၀၂၅ ခုနှစ် ဧပြီလ ၉ ရက်နေ့မှစ၍ ၄၉ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း သိရပါသည်။ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သို့ ပေးပို့သောစာစောင်တွင် Hun Manet က ဒေါ်နယ်ထရမ့်အား ကမ္ဘောဒီးယားထုတ်ကုန်များအပေါ် အခွန်ကောက်ခံရန် အကောင်အထည်ဖော်မှုကို ရွှေ့ဆိုင်းပေးရန်အတွက် စေ့စပ်ညှိနှိုင်းတောင်းဆိုမှုပြုခဲ့သည်။

ထို့ပြင် ၎င်းသည် ယခုလက်ရှိ ကမ္ဘောဒီးယားနိုင်ငံရှိ အမြင့်ဆုံးအခွန်ကောက်ခံနှုန်းမှာ ၃၅ ရာခိုင်နှုန်းသာရှိကြောင်း ပြောကြားခဲ့သည်။ ထို့နောက် Hun Manet က ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် နှစ်နိုင်ငံကြား ကုန်သွယ်မှုပိုမိုအဆင်ပြေစေရန်အတွက် အမေရိကန်အစိုးရနှင့် အပြုသဘောဆောင်သော ဆွေးနွေးမှုများဆောင်ရွက်ရန် အပြည့်အဝ ကတိကဝတ်ပြုနေဆဲဖြစ်ပြီး ၎င်းလုပ်ဆောင်ချက်မှတစ်ဆင့် နှစ်နိုင်ငံပြည်သူများက အကျိုးကျေးဇူးများ ခံစားရမည်ဖြစ်ကြောင်း ထပ်ဆောင်း ပြောကြားခဲ့သည်။

**Source : Xinhua**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## STOCK EXCHANGE (14.5.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 14th May, 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,250 (Shares) | 9,308,600 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 6,700 | -100 | -1.47% | 6,700 | 6,700 | 6,700 | 202 | 1,353,400 | 33,109,694 | 221,835 |
| MTSH | 00002 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 600 | 1,800,000 | 38,929,150 | 116,788 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 10,400,986 | 83,208 |
| FPB | 00004 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,800 | 1,148 | 2,066,400 | 29,664,613 | 53,396 |
| TMH | 00005 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 0 | 0 | 12,823,224 | 37,187 |
| EFR | 00006 | 1,500 | +0 | +0.00% | 1,500 | 1,500 | 1,450 | 233 | 346,100 | 19,977,223 | 29,966 |
| AMATA | 00007 | 3,900 | +0 | +0.00% | 3,800 | 3,900 | 3,800 | 651 | 2,473,900 | 10,497,598 | 40,941 |
| MAEX | 00008 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,050 | 416 | 1,268,800 | 23,804,946 | 72,605 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 14th May, 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 347.75 | -1.76 | -0.50% | 347.20 | 347.75 | 346.67 | 3,250 | 9,308,600 | 8 | 655,926 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 11:00 am, 15th May, 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,950 (Shares) | 21,050,000 (MMK) |

| MYANPIX | 348.98 ▲ 1.23 |
|---|---|
| Total Volume (shares) | 4,950 |
| Total Value (MMK) | 21 mil |
| Listed Company | 8 |
| Market Cap. (MMK) | 658,238 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 6,800 | ▲ 100 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 2,900 | ▲ 0 |
| EFR | 00006 | 1,450 | ▼ 50 |
| AMATA | 00007 | 3,900 | ▲ 0 |
| MAEX | 00008 | 3,050 | ▲ 0 |